# ခေတ်တခုရဲ့ ခြေရာများ

ဖြစ်ပုံက
ရိုးရိုးစင်းစင်းလေးပါပဲ
လူငယ်တွေ ပွင့်ဖူးသလောက်
ခေတ်က
ခူးယူ ပန်ဆင်ခဲ့တာပ။

လူငယ်ဟော့
ကောင်းကင်ကြီးကို လှစေချင်တယ်
သမုဒ္ဒရာကြီးကို သန့်စေချင်တယ်
ပြီးတော့ ...
ကမ္ဘာကြီးကို
လတ်ဆတ်တဲ့ လေတွေနဲ့ ထုံမွမ်းစေချင်တယ်
စစ်မက်ခြေသံတွေ တိတ်ဆိတ်စေချင်တယ်။

ခေါင်းမရှောင်ခဲ့ပါဘူး
အဝေးကြည့်
အနီးကြည့်
မြင်ကွင်းအားလုံးထဲမှာ
မြစ်ကျိုးအင်းအိုင်မက်တွေထဲမှာ မသေဘဲ
အရှုံးအမူးကူးခဲ့ကြတာပ

ခေတ်ဆိုတာကိုက
မဆုံးသောခရီးလေ။

တိုးသစ်

မှတ်ချက်။ ။ ဤကဗျာရှင်သည် ဇနီးဖြစ်သူနှင့်အတူ နှစ်ရှည်ထောင်ဒဏ် ကျခံနေရပါသည်။